# စစ်ကိုင်းတိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း အစီရင်ခံစာ

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်နှင့် (၂၃) ရက်

# မာတိကာ


(၁) အနှစ်ချုပ် .................................................. ၃

(၂) အလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာအား မိတ်ဆက်တင်ပြခြင်း .................................................. ၄

(၃) အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း အကျိုးကျေးဇူး .................................................. ၄

(၄) အချိန်နှင့် နေရာ .................................................. ၄

(၅) အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများ .................................................. ၄

(၆) ပထမနေ့ - မြန်မာနိုင်ငံတွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ပွင့်လင်း မြင်သာမှု ဖော်ဆောင်ရေး (EITI) လုပ်ငန်းစဉ်အား မိတ်ဆက်တင်ပြခြင်း .................................................. ၅

(၆.၁) စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ အဖွင့်အမှာစကား .................................................. ၅

(၆.၂) စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၏ အမှာစကား .................................................. ၆

(၆.၃) မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး၏ အမှာစကား .................................................. ၇

(၆.၄) EITI အကြောင်းမိတ်ဆက်တင်ပြခြင်း .................................................. ၉

(၆.၅) စုပေါင်းဓါတ်ပုံမှတ်တမ်းတင်ခြင်း .................................................. ၉

(၆.၆) မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ် အကောင်အထည် ဖော်ဆောင်မှုအား ရှင်းလင်း တင်ပြခြင်း ... ၉

(၆.၇) တက်ရောက်သူများ မေးမြန်းဆွေးနွေးချက်များ .................................................. ၁၀

(၇) ဒုတိယနေ့ - စစ်ကိုင်းတိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေး အဖွဲ့ (Sub-national Unit – SNU) ဖွဲ့စည်းခြင်း အလုပ်ရုံဆွေးနွေးပွဲ .................................................. ၁၁

(၇.၁) မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး၏ အဖွင့်အမှာစကား .................................................. ၁၁

(၇.၂) မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ် အကောင်အထည် ဖော်ဆောင်မှုအား ရှင်းလင်း တင်ပြခြင်း ... ၁၂

(၇.၃) တိုင်းဒေသကြီး/ ပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ (Term of Reference – ToR) .................................................. ၁၃

(၇.၄) စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက် ရေးအဖွဲ့ ဖွဲ့စည်း နိုင်ရေးအတွက် ကဏ္ဍအလိုက် ပါဝင်မည့်သူများအား အဆိုပြုခြင်းနှင့် ဖွဲ့စည်းခြင်း ............ ၁၄

(၇.၅) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၏ အပိတ်အမှာစကား ................ ၁၄

(၈) နိဂုံးချုပ် ........................................................................................................ ၁၅

နောက်ဆက်တွဲ (၁) အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနား အစီအစဉ် ........................................................ ၁၇

နောက်ဆက်တွဲ (၂) တက်ရောက်သူစာရင်း ........................................................................ ၁၈

နောက်ဆက်တွဲ (၃) တိုင်းဒေသကြီး/ ပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ (Term of Reference – ToR) ................................................ ၂၆

နောက်ဆက်တွဲ (၄) တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း အမိန့်ကြော်ငြာစာအမှတ် (၉၇/ ၇၂) ........................................................ ၃၂

နောက်ဆက်တွဲ (၅) ဓါတ်ပုံမှတ်တမ်း ........................................................................ ၃၉

## (၁) အနှစ်ချုပ်

စစ်ကိုင်းတိုင်းဒေသကြီး၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေး အတွက် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်နှင့် (၂၃) ရက်၌ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ တော်ဝင်ကျောက်စိမ်းဟိုတယ်တွင် မြန်မာနိုင်ငံတွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) လုပ်ငန်းစဉ်အား မိတ်ဆက်တင်ပြခြင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့ဖွဲ့စည်းခြင်း အလုပ်ရုံဆွေးနွေးပွဲများအား ကျင်းပခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌအပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကကဏ္ဍကိုယ်စားပြု တာဝန်ရှိပုဂ္ဂိုလ်များ၊ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များ၊ သုံးပွင့်ဆိုင်ညွန့်ပေါင်း အဖွဲ့ ကိုယ်စားလှယ်များ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ဘဏ္ဍာရေးမူဝါဒ၊ မဟာဗျူဟာနှင့် EITI ဌာနခွဲမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ညှိနှိုင်းရေးမှူး နှင့်တကွ ညှိနှိုင်းရေးမှူးရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အခြားလေ့လာသူများနှင့် သတင်းမီဒီယာများစသည့် တက်ရောက်သူဦးရေ (၆၀) ခန့်ရှိခဲ့ပြီး ဒုတိယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားပြု တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များ၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များ၊ ဘဏ္ဍာရေးမူဝါဒ၊ မဟာဗျူဟာနှင့် EITI ဌာနခွဲမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ညှိနှိုင်းရေးမှူးနှင့်တကွ ညှိနှိုင်းရေးမှူးရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ စသည့် တက်ရောက်သူဦးရေ (၁၀၀) ကျော်ရှိခဲ့ပါသည်။

ထိုအလုပ်ရုံဆွေးနွေးပွဲအား EITI စံနှုန်းနှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်အား အမြင်ဖွင့် ရှင်းလင်းတင်ပြရန်၊ မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှုအား သိရှိနားလည်စေရန်၊ ဒေသတွင်းရှိ တွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အခြေအနေများအား တင်ပြဆွေးနွေးရန်၊ အစီရင်ခံစာပါ အချက်အလက်များအား လွှမ်းခြုံတင်ပြရန်၊ လုပ်ငန်းညှိနှိုင်း ဖော်ဆောင်ရေးအဖွဲ့များ၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များအား သိရှိ နားလည်စေရန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရန် ရည်ရွယ်ကျင်းပခဲ့ပါသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး လုပ်ငန်း ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များအားလည်း ဆွေးနွေးနိုင်ရန် ရည်ရွယ်ခဲ့ပါသည်။ သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ ညှိနှိုင်းရေးမှူးရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက ဦးဆောင်ကာ ထိုအလုပ်ရုံ ဆွေးနွေးပွဲအား ကျင်းပခဲ့ပါသည်။

## (၂) အလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာအား မိတ်ဆက်တင်ပြခြင်း

ဤအလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ လုပ်ငန်းစဉ်များ မှတ်တမ်း တင်ရန်နှင့် တွေ့ရှိချက်ရလဒ်များ၊ သတင်းအချက်အလက်များအား စုစည်းတင်ပြရန်သာမက

မြန်မာနိုင်ငံ တွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက် သူများအား လုပ်ငန်း ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ သိရှိရမည့် အချက်အလက်များအားလည်း မျှဝေရန်နှင့် အနာဂတ်တွင် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။

ထို့ကြောင့် ဤအစီရင်ခံစာတွင် အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်အတိုင်း အခန်းခွဲကာ တင်ပြသွားမည့်အပြင် ထိုအလုပ်ရုံ ဆွေးနွေးပွဲတွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုနှင့် မှတ်သားစရာများအားလည်း ထည့်သွင်းတင်ပြသွားပါမည်။ နောက်ဆက်တွဲတွင် အခမ်းအနား အစီအစဉ်၊ တက်ရောက်သူစာရင်း၊ လုပ်ငန်း ညှိနှိုင်းဖော်ဆောင်ရေးအဖွဲ့များ၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ စစ်ကိုင်းတိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဝင်စာရင်း၊ စစ်ကိုင်းတိုင်းဒေသကြီးလုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းပြီးကြောင်း အမိန့်ကြော်ငြာစာနှင့် မှတ်တမ်းတင် ဓါတ်ပုံများအား ပူးတွဲဖော်ပြထားပါသည်။

## (၃) အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း အကျိုးကျေးဇူး

အလုပ်ရုံဆွေးနွေးပွဲအပြီးတွင် ဒေသတွင်းရှိ ကဏ္ဍအသီးသီးမှ သက်ဆိုင်သူများသည် ယင်းဖော်ဆောင် ရေးလုပ်ငန်းစဉ်များမှ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုကို အထောက်အကူပြုနိုင်ပုံများကို ထင်ဟပ် နားလည်လာပြီး ပဋိပက္ခများအား လျော့ချစေမည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးနိုင်သည့် ရလဒ်များ ရရှိလာအောင် အနာဂတ်တွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်လိမ့်မည် ဖြစ်ပါသည်။ အစိုးရဌာနဆိုင်ရာများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကုမ္ပဏီများ အကြား အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများလည်း ပိုမို ပေါ်ပေါက်လာစေမည် ဖြစ်သည်။

## (၄) အချိန်နှင့် နေရာ

မိတ်ဆက်တင်ပြခြင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့ဖွဲ့စည်းခြင်း အလုပ်ရုံဆွေးနွေးပွဲအား စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ တော်ဝင်ကျောက်စိမ်းဟိုတယ်၌ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်နေ့တွင် မနက် (၉) နာရီမှ မွန်းလွဲ (၁၂:၃၀) နာရီထိလည်းကောင်း၊ ဩဂုတ်လ (၂၃) ရက်နေ့တွင် မနက် (၉) နာရီမှ ညနေ (၄) နာရီထိလည်းကောင်း နှစ်ရက်တာကျင်းပပြုလုပ်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနား အစီအစဉ် အသေးစိတ်အား **နောက်ဆက်တွဲ (၁)** တွင်ပူးတွဲဖော်ပြထားပါသည်။

## (၅) အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများ

အလုပ်ရုံဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌအပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အသီးသီးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကကဏ္ဍကိုယ်စားပြု တာဝန်ရှိပုဂ္ဂိုလ်များ၊ အရပ်ဘက် အဖွဲ့အစည်း ကိုယ်စားလှယ်များ၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များ၊ ဘဏ္ဍာရေးမူဝါဒ၊ မဟာဗျူဟာနှင့် EITI ဌာနခွဲမှ

တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ညှိနှိုင်းရေးမှူး နှင့်တကွ ညှိနှိုင်းရေးမှူးရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အခြားလေ့လာသူများနှင့် သတင်း မီဒီယာများ စသည်ဖြင့် တက်ရောက်ခဲ့ကြပါသည်။ တက်ရောက်သူစာရင်း အသေးစိတ်အား **နောက်ဆက်တွဲ (၂)** တွင် ပူးတွဲဖော်ပြထားပါသည်။

## (၆) ပထမနေ့ - မြန်မာနိုင်ငံတွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ပွင့်လင်း မြင်သာမှု ဖော်ဆောင်ရေး (EITI) လုပ်ငန်းစဉ်အား မိတ်ဆက်တင်ပြခြင်း

မိတ်ဆက်တင်ပြခြင်း အခမ်းအနားအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ လွှတ်တော် ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များနဲ့ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဘဏ္ဍာရေးမူဝါဒ၊ မဟာဗျူဟာနှင့် EITI ဌာနခွဲမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အခြားလေ့လာသူများနှင့် သတင်း မီဒီယာများ တက်ရောက်ခဲ့ပြီး တက်ရောက်သူဦးရေ (၆၀) ခန့်ရှိခဲ့သည်။ အခမ်းအနားအား နံနက် (၁၀) နာရီ မှ စတင်ခဲ့ကာ မွန်းလွဲ (၁၂:၃၀) နာရီတွင် အောင်မြင်စွာ ပိတ်သိမ်းခဲ့သည်။ အခမ်းအနား အစီအစဉ် အသေးစိတ်အား **နောက်ဆက်တွဲ (၁)** တွင်ပူးတွဲဖော်ပြထားပါသည်။

### (၆.၁) စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ အဖွင့်အမှာစကား

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်မှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အဖွင့်အမှာစကား ပြောကြားရာတွင်-

စစ်ကိုင်းတိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU – Sub-national Unit) ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် မိတ်ဆက်တင်ပြခြင်း အခမ်းအနားသို့ ကြွရောက်လာကြသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးနဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များ၊ အရပ်ဘက်ကိုယ်စားလှယ်အားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေလို့ ပဏာမ ဆုမွန်ကောင်းတောင်းပေးကြောင်း၊ ဒီလိုလုပ်ခွင့်ရတဲ့အတွက် စစ်ကိုင်းတိုင်းဒေသကြီးအနေနဲ့ အများကြီး တိုးတက်လာမယ်လို့ ယုံကြည်ပါကြောင်း၊ EITI စံနှုန်းပါ သတ်မှတ်ချက်များအတိုင်း ၂၀၁၄-၂၀၁၅ ခုနှစ်၊ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာနှစ်တွေအတွက် မြန်မာနိုင်ငံ EITI အစီရင်ခံစာကို ၂၀၁၈ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့အမီ ထုတ်ပြန်နိုင်ခဲ့တယ်လို့ သိရှိရတာတဲ့အတွက် အင်မတန် ဝမ်းသာကြောင်း၊ လက်ရှိ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေကို အထောက်အကူဖြစ်စေမယ့် မြန်မာနိုင်ငံ EITI အစီရင်ခံစာတွေကနေ နိုင်ငံတော်ရဲ့ တွင်းထွက်သယံဇာတ တူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေးနဲ့ ဖွံ့ဖြိုးတိုးတက်လာစေရေး တို့အတွက် တွန်းအားတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီးက ဒုတိယအကျယ်ဆုံးနှင့် သယံဇာတပစ္စည်း အင်မတန် ပေါများကြွယ်ဝတဲ့ တိုင်းဒေသကြီးဖြစ်ကြောင်း၊ အစီရင်ခံစာများရဲ့ အကြံပြုချက်ပါ လုပ်ငန်းစဉ်တစ်ခုဖြစ်တဲ့ သတ္တု

တူးဖော်ရေး လုပ်ငန်းများ မှတ်ပုံတင်စနစ် (Mining Cadastre System) ကိုလည်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ စတင်အကောင်အထည်ဖော်နေပြီဖြစ်သည့်အတွက် စစ်ကိုင်းဒေသကြီးအနေနဲ့ များစွာ အကျိုး ဖြစ်ထွန်းနိုင်မယ်လို့ ရှုမြင်မိကြောင်းလည်း ဆက်လက်ပြောကြားခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးမှာလည်း တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (Sub-national Unit) ဖွဲ့စည်းနိုင်ဖို့ EITI နဲ့ပတ်သက်တဲ့ မိတ်ဆက်တင်ပြခြင်းအခမ်းအနားကို အခုလို ကျင်းပတာခြင်းဖြစ်ကြောင်း၊ ဒီနေ့အခမ်းအနားမှာ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ကိုယ်စားလှယ်များနဲ့ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးအဖွဲ့မှ တာဝန်ရှိသူတွေက တွင်းထွက်သယံဇာတ ထုတ်ဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) ဆိုတာနဲ့ပတ်သက်ပြီး မိတ်ဆက်တင်ပြမှာဖြစ်တဲ့အပြင် မြန်မာနိုင်ငံမှာ လက်ရှိ အကောင်အထည်ဖော်နေတဲ့ EITI လုပ်ငန်းစဉ်တွေအကြောင်းကိုလည်း ရှင်းလင်းတင်ပြမှာဖြစ်သည့်အတွက် တက်ရောက်လာသူများ မရှင်းလင်းတာတွေကို ကျေကျေလည်လည်ဖြစ်အောင် ပြန်လည် မေးမြန်း ဆွေးနွေးကြစေလိုကြောင်းလည်း ဖြည့်စွက်ခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU) ဖွဲ့စည်း ပြီး တိုင်းဒေသကြီးအဆင့် SNU လုပ်ငန်းလမ်းညွှန် (ToR – Term of Reference) အပေါ် အခြေခံပြီး တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများရဲ့ လက်ရှိမြေပြင်ပေါ်ဖြစ်ပေါ်နေတဲ့ အခြေအနေအမှန်တွေကို လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေး အဖွဲ့ဝင်များရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဖြေရှင်းသွားကြရမှာဖြစ်ကြောင်း၊ မိမိအနေနှင့်လည်း လိုအပ်သလို ပူးပေါင်းညှိနှိုင်းပေးမည်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလျှင် မြန်မာနိုင်ငံ၏ EITI လုပ်ငန်းစဉ်များ အောင်မြင်မှုရရှိလာကာ မြန်မာ့ EITI ရဲ့ဆောင်ပုဒ် "ပွင့်လင်းမြင်သာ တာဝန်ယူပါ" ဆိုသည့်အတိုင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတွက် အကျိုးရှိလာစေမည်ဖြစ်ကြောင်း၊ ဒါကြောင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးနဲ့ စစ်ကိုင်းတိုင်းဒေသကြီး SNU တို့အကြား လက်တွေ့ကျကျ အပြန်အလှန် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်သွားနိုင်ဖို့ မျှော်လင့်ပါကြောင်း ဟု နိဂုံးချုပ်ပြောကြားခဲ့ပါသည်။

**(၆.၂) စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၏ အမှာစကား**

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းမှ အမှာစကားပြောကြားခဲ့ပါသည်။ အမှာစကားပြောကြားရာတွင်-

ဒီနေ့တွေ့ဆုံပွဲကိုတက်ရောက်လာကြသည့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ပညာရှင်များနှင့် မြို့မိမြို့ဖများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သကာ ဒီနေ့အခမ်းအနားမှာ EITI နဲ့ပတ်သတ်ပြီး ဆွေးနွေးကြမည့် အစီအစဉ်မှာ အထူးသဖြင့် အကျိုးအမြတ်အရရှိနိုင်ဆုံးကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၊ စစ်ကိုင်း တိုင်းဒေသအနေနဲ့လည်း အကျိုးရှိတဲ့ကိစ္စတွေ ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ဒီအခမ်းအနားမှာ ဆွေးနွေးကြမည့်၊ တင်ပြကြမည့် အချက်အလက်တွေ ပေါ်မူတည်ပြီး ကျွန်တော်တို့ ဒီမှာရရှိမည့် သတင်းအချက်အလက်များကစပြီး ပိုကောင်းသော အကြံဉာဏ်များ၊ အတွေးအခေါ်များ ပေါ်ပေါက်လာစေနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ရရှိတဲ့အကြံဉာဏ်များပေါ် မူတည်ပြီး တိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီး ဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးရေးများကို ဆက်လက် အဆင့်ဆင့် ဖော်ဆောင်သွားကြနိုင်မည်ဖြစ်ကြောင်း၊ အခုလိုလာရောက်ကျင်းပပေးကြတဲ့သက်ဆိုင်ရာဌာနမှ ပညာရှင်များအားလုံးကို အထူး ကျေးဇူးတင် ရှိပါကြောင်းနှင့် တက်ရောက်လာတဲ့ပုဂ္ဂိုလ်များအနေနှင့်လည်း မိမိတို့ရဲ့ ဒေသအကျိုးရှိနိုင်မည့် လုပ်ငန်းစဉ်တွေအတွက် ပြန်လည် ဆွေးနွေးပေးစေလိုကြောင်း ပြောကြားကာ အမှာစကားအား နိဂုံးချုပ်ခဲ့သည်။

**(၆.၃) မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး၏ အမှာစကား**

မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးကလည်း အမှာစကားပြောကြားခဲ့ပါသည်။ အမှာစကားပြောကြားရာတွင်-

ကြွရောက်လာကြတဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ ကိုယ်စားလှယ်များနှင့် အရပ်ဘက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်တောင်းကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Sub- National Coordination Unit - SNU) ဖွဲ့စည်းနိုင်ရေးအတွက် ပဏာမ မိတ်ဆက်တင်ပြဖို့နဲ့ လိုအပ်တာတွေ ဆက်လက် ဆောင်ရွက်နိုင်ဖို့ ရောက်ရှိလာခြင်းကြောင်း ဦးစွာပြောကြားခဲ့ပါသည်။

ယင်းနောက် မြန်မာနိုင်ငံအနေနှင့် EITI အမြဲတမ်းအဖွဲ့ဝင် (Compliant Country) နိုင်ငံ တစ်နိုင်ငံဖြစ်လာရေးအတွက် EITI လုပ်ငန်းစဉ်ကို EITI စံနှုန်းများအညီ ဆောင်ရွက်နိုင်ဖို့ အစိုးရ၊ ပုဂ္ဂလိကကုမ္ပဏီများ နှင့်အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်တဲ့ မြန်မာနိုင်ငံ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (Multi-Stakeholder Group) ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၂၈-၂-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၂၄/၂၇) ဖြင့် ဖွဲ့စည်းပြီး ဦးဆောင် အကောင် အထည်ဖော်လျက်ရှိကြောင်း၊ သဘာဝအရင်းအမြစ်တူးဖော်ရေးကဏ္ဍနှင့် နိုင်ငံတော်ရဲ့ အခွန်ငွေစီးဆင်မှု ပွင့်လင်း မြင်သာမှု ရှိစေရေးအတွက် ဒုတိယနှင့် တတိယအကြိမ်အစီရင်ခံစာများကို တင်သွင်းခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။ တစ်ဆက်တည်းမှာလည်း တိုင်းဒေသကြီး/ ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Sub-National Coordination Unit - SNU) များ ဖွဲ့စည်း ဆောင်ရွက်ရန်အတွက် နိုင်ငံတော်သမ္မတရုံးက ခွင့်ပြုခဲ့ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့များ အနေနှင့် အဓိကလုပ်ငန်းစဉ် (၄) ရပ်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမှာ ဖြစ်ကြောင်း၊ ဒီလုပ်ငန်းစဉ်တွေကို EITI စံနှုန်း (၂၀၁၆) ပါ ပြဋ္ဌာန်းချက်များနဲ့အညီ လုပ်ဆောင်ရမှာ ဖြစ်ကြောင်းလည်း တင်ပြခဲ့သည်။

မြန်မာနိုင်ငံဟာ ပို့ကုန်ဝင်ငွေရဲ့ အဓိကအဖြစ် သဘာဝ သယံဇာတပို့ကုန်တွေဖြစ်ကြသည့် သဘာဝဓါတ်ငွေ့၊ ကျောက်မျက်၊ ကျောက်စိမ်းနှင့် အခြားသတ္တုလုပ်ငန်းများမှ ဝင်ငွေတွေကို အမှီ သဟဲ ပြုနေရကြောင်း၊

တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းက ၂၀၁၅-၁၆ ခု၊ ဘဏ္ဍာနှစ်မှာ နိုင်ငံခြားတင်ပို့ရောင်းချမှုတန်ဖိုး အမေရိကန် ဒေါ်လာ သန်းပေါင်း ၅၃၀၄ ရှိခဲ့ပြီး တစ်နိုင်ငံလုံးစုစုပေါင်းတင်ပို့မှုရဲ့ ၄၆.၇ ရာခိုင်နှုန်းဖြစ်ရုံမျှမက အစိုးရဝင်ငွေစုစုပေါင်းရဲ့ (၂၀) ရာခိုင်နှုန်းနှင့်လည်း ညီမျှခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသည် ရွှေ၊ ကြေးနီ၊ ကျောက်မီးသွေး၊ တစ်ချိန်က မြန်မာနိုင်ငံရဲ့ ရှေ့ဆောင်မဟာမြိုင်တောကြီး သစ်တောကြိုးဝိုင်း၊ အနောက်ဘက်အခြမ်းက သစ်တောကြိုးဝိုင်းတို့ဖြင့် ထင်ရှားခဲ့ကြောင်း၊ ယခုဆိုရင် တစ်နိုင်တစ်ပိုင်လုပ်တဲ့ ရေနံချက်စက်ရုံများလည်း မြင်နေရပြီး တကယ်ကို သယံဇာတပေါကြွယ်ဝတဲ့ တိုင်းကြီးလည်းဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ခဲ့သည်။

အခုလိုကိန်းဂဏန်းအချက်အလက်တွေပါဝင်သည့် မြန်မာနိုင်ငံ တွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) အစီရင်ခံစာများအား ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာနှစ်များအတွက် ၂၀၁၈ ခုနှစ်၊ မတ်လအကုန်တွင် ထုတ်ပြန်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အစီရင်ခံစာများကို လွပ်လပ်သော စာရင်းတိုက်ဆိုင်စစ်ဆေးသူ (Independent Administrator) ငှားရမ်းပြီး ရေးခဲ့ရသည့်အတွက် အင်္ဂလိပ်ဘာသာနဲ့သာ ထုတ်ပြန်နိုင်ခဲ့ပြီး အခုအခါ မြန်မာ ဘာသာသို့ ပြန်ဆိုနေဆဲဖြစ်ကြောင်း၊ များမကြာမီကာလမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ လွှတ်တော်ရေးရာကော်မတီများ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီး ချုပ်ရုံးများ၊ လွှတ်တော်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံ မြန်မာဘာသာ အစီရင်ခံစာတွေ ပေးပို့မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးအနေနှင့် အဆိုပါအစီရင်ခံစာနှစ်ခုကို မြန်မာဘာသာနှင့် အကျဉ်းချုပ် ပြုစုတင်ပြထားကြောင်းလည်း ပြောကြားခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံက ချမှတ်ထားသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP – Myanmar Sustainable Development Plan) ၏ မဏ္ဍိုင် (၃) ခု၊ ရည်မှန်းချက် ပန်းတိုင် (၅) ခု၊ မဟာဗျူဟာ (၂၃) ခုနှင့် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍမှာ မဟာဗျူဟာ ချမှတ်ထားကြောင်း၊ မဟာဗျူဟာ (၅) မှာ သဘာဝအရင်းအမြစ်များအား ပြည်သူအားလုံး ရရှိခံစားစေနိုင်ရေးအတွက် မြေယာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ရန်ဖြစ်ကြောင်း တင်ပြခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံသည် ယခုအခါ EITI လုပ်ငန်းစဉ်ကို သတ်မှတ်ထားတဲ့စံနှုန်းနှင့်အညီ အကောင်အ ထည်ဖော်ခြင်း ရှိမရှိကို အကဲဖြတ်ဆန်းစစ်ခံနေရတဲ့ကာလ ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့ကနေ ဒီဇင်ဘာလအထိ ကြာရှည်မည့် အကဲဖြတ်ဆန်းစစ်ခြင်းလုပ်ငန်းစဉ်မှာ ကနဦး အကဲဖြတ်ဆန်းစစ်ခြင်း (ဩဂုတ် ၈ - ၁၇) ကနေ EITI ဘုတ်အဖွဲ့က ဆုံးဖြတ်ချက်ချတဲ့အထိ အဆင့် များစွာပါဝင်ကြောင်း၊ ယင်းလုပ်ငန်းစဉ်မှ မြန်မာနိုင်ငံရဲ့ EITI အဖွဲ့ဝင်ဖြစ်မှုကို ဆုံးဖြတ်ပေးမည်ဖြစ်သည့်အပြင် စံနှုန်းများပြည့်မီလျှင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်လောင်းနိုင်ငံအဆင့် ကနေ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံအဆင့်ကို ရောက်ရှိမည်ဖြစ်ကြောင်း၊ ဒါကြောင့် အကဲဖြတ်ဆန်းစစ်ခြင်းလုပ်ငန်းစဉ်ဟာ တကယ့်ကိုအရေးကြီးကြောင်း မီးမောင်းထိုးပြခဲ့သည်။

တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တာတွေထဲမှာ သဘာဝ သယံဇာတကရရှိတဲ့ဝင်ငွေတွေကို ပြည်သူ့အကျိုးပြုလုပ်ငန်းများနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများသို့ မှန်ကန်စွာခွဲဝေပေးနိုင်ရေးဆိုတာလည်း ပါဝင်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ EITI လုပ်ငန်းစဉ်က အထောက်အကူဖြစ်စေပါလိမ့်မယ်ဆိုတဲ့ အကြောင်း

တင်ပြလိုပါတယ်။ Renaissance Institute (RI) ကသော်လည်းကောင်း၊ Myanmar Development Institute (MDI) ကသော်လည်းကောင်း Fiscal Decentralization နှင့်ပတ်သတ်ပြီးတော့ တိုင်းနှင့်ပြည်နယ်များအား ဖြေလျော့ကာ လုပ်ကိုင်ခွင့်တွေပေးဖို့ လုပ်ဆောင်နေကြောင်း၊ Myanmar Sustainable Development Planမှ တိုင်းနှင့်ပြည်နယ်များ၏ ပူးပေါင်းဆောင်ရွက်မှုများအတွက် consultation လုပ်နေပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုက ဒီတိုင်းပြည်ဖွံ့ဖြိုးမှုအတွက် အများကြီး အရေးပါကြောင်းနှင့် တင်ပြမယ့်ကိစ္စရပ်များနှင့် ပတ်သက်၍ မရှင်းလင်းသည်များအား ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေးကြဖို့ တိုက်တွန်းကာ အမှာစကားအား နိဂုံးချုပ်တင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက မိမိတို့၏ အမည်၊ ရာထူး၊ ဌာနအဖွဲ့အစည်းနှင့် လုပ်ငန်းတာဝန်များကို အကျဉ်းချုပ်ရှင်းလင်တင်ပြကာ အလှည့်ကျမိတ်ဆက်ခဲ့ကြပါသည်။

## (၆.၄) EITI အကြောင်းမိတ်ဆက်တင်ပြခြင်း

ယင်းနောက် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ စီမံကိန်းအကြံပေးက EITI ၏ အဓိပ္ပာယ်၊ EITI စံနှုန်းအကြောင်း၊ EITI ကိုဖော်ဆောင်သည့်အကြောင်း၊ EITI လုပ်ငန်းစဉ်မှ ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် စိန်ခေါ်မှုများ၊ အခြားနိုင်ငံများ၏ EITI ဖော်ဆောင်မှုအကျဉ်းချုပ်၊ မြန်မာနိုင်ငံ၏ ဖယ်ဒရယ်လမ်းစဉ်၊ ငြိမ်းချမ်းရေးလမ်းစဉ်နှင့် စပ်လျဉ်းနေပုံစသည့်ဖြင့် အကျဉ်းချုပ် မိတ်ဆက်တင်ပြခဲ့ပါသည်။

## (၆.၅) စုပေါင်းဓါတ်ပုံမှတ်တမ်းတင်ခြင်း

မိတ်ဆက်တင်ပြခြင်း အစီအစဉ်အပြီးတွင် တက်ရောက်လာကြသော စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးနဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များ၊ အရပ်ဘက်ကိုယ်စားလှယ်အားလုံးနှင့် လေ့လာသူများအားလုံး စုပေါင်းကာ မှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးခဲ့ကြပါသည်။ ဓါတ်ပုံမှတ်တမ်းများအား **နောက်ဆက်တွဲ (၅)** တွင်ပူးတွဲဖော်ပြထားသည်။

## (၆.၆) မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်အကောင်အထည်ဖော်ဆောင်မှုအား ရှင်းလင်းတင်ပြခြင်း

မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ စီမံကိန်းအကြံပေးက အခြားနိုင်ငံများ၏ အခြေအနေနှင့် စပ်လျဉ်း၍ Open Government Partnership (OGP) အကြောင်းအကျဉ်းချုပ်၊ မြန်မာနိုင်ငံ၏ EITI နောက်ခံသမိုင်း၊ မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ် အကောင်အထည် ဖော်ဆောင်မှုအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ထိုသို့ရှင်းလင်းရာတွင် မြန်မာနိုင်ငံ၏ EITI ဖော်ဆောင်သည့် ရည်ရွယ်ချက်များ၊ မြန်မာနိုင်ငံ EITI မှတ်တိုင်များ၊ မြန်မာနိုင်ငံ EITI ၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ ထုတ်ပြန်ပြီးသော အစီရင်ခံစာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ အခြေအနေများ၊ အကဲဖြတ် ဆန်းစစ်လေ့လာခြင်း လုပ်ငန်းစဉ် နှင့် လက်ရှိ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို အသေးစိတ် တင်ပြခဲ့ပါသည်။

### (၆.၇) တက်ရောက်သူများ မေးမြန်းဆွေးနွေးချက်များ

တက်ရောက်သူတစ်ဦးက အစီရင်ခံစာများအတွက် အချက်အလက်များကောက်ယူရာတွင် ကုမ္ပဏီများထံမှ တိကျသော အချက်အလက်များရအောင် ကောက်ယူခဲ့ပုံကိုမေးမြန်းခဲ့ရာ အခွန်ဆောင်သည့် သတ်မှတ်ချက်ထားကာ အကျုံးဝင်သည့် ကုမ္ပဏီများကို ရွေးထုတ်ခဲ့ကြောင်း၊ အစီရင်ခံစာများကို အဆင့်အလိုက်လုပ်ဆောင်ကာ ထုတ်ပြန်ရခြင်းဖြစ်ကြောင်း၊ အချက်အလက်များ ကောက်ခံခြင်း အဆင့်ရှိကြောင်း၊ အချက်အလက် ကောက်ခံရာတွင် ကုမ္ပဏီများမှ ထည့်သွင်းရသည့် ပုံစံများရှိကြောင်း၊ အစိုးရဌာနများမှ ထည့်သွင်းရသည့် ပုံစံများလည်းရှိကြောင်း၊ ထိုမှရရှိလာသော ကိန်းဂဏန်းများကို တိုက်ဆိုင်ဆွေးနွေး (reconcile) ကာ တင်ပြခဲ့ခြင်းဖြစ်ကြောင်း၊ ကွဲလွဲချက်များလည်း ရှိကြောင်း၊ ထိုကွဲလွဲချက်များသည် အစီရင်ခံစာ၏ အနှစ်သာရဖြစ်ကြောင်း၊ ယခုလုပ်ငန်းစဉ်သည် စာရင်းစစ်ခြင်း (Audit) မဟုတ်ကြောင်း၊ တိုက်ဆိုင်စစ်ဆေးခြင်း (reconciliation) သာဖြစ်ကြောင်း၊ ပထမအစီရင်ခံစာတွင် သတ္တုကဏ္ဍအနေဖြင့် ကုမ္ပဏီ (၁၁) ခုသာ ပါဝင်ခဲ့ကြောင်း၊ ဒုတိယအစီရင်ခံစာတွင် ကုမ္ပဏီ (၂၈) ခုနှင့် တတိယအစီရင်ခံစာတွင် ကုမ္ပဏီ (၂၉) ခုပါဝင်ခဲ့ကြောင်း၊ ထိုကုမ္ပဏီများ၏ အခွန်အခနှင့် ထုတ်လုပ်မှုအချက်အလက်များကို စာရင်းတိုက်ဆိုင်စစ်ဆေးကြောင်း၊ စစ်ဆေးရာတွင် ပထမအစီရင်ခံစာ တွင် ကုမ္ပဏီ (၁၁) ခု၏ revenue သည် သယံဇာတအခွန်အားလုံး၏ ၄၅%ကို ကိုယ်စားပြုနေကြောင်း၊ ကုမ္ပဏီမှ သတ္တုတွင်းကိုပေးသည်၊ သတ္တုတွင်းကမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနပေးသည်စသည့်ဖြင့် ဘက်ပေါင်းစုံက ထောင့်စုံအောင် စာရင်းတိုက်ဆိုင်စစ်ဆေးခြင်း ဖြစ်ကြောင်း၊ ကွဲလွဲချက်များရှိကြောင်းကို ဘဏ္ဍာရေးနှစ် သတ်မှတ်ပုံ ကွဲပြားချက်နှင့် ဥပမာပေးဆွေးနွေးခြင်းများ စသည့်ဖြင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ ဒုတိယညှိနှိုင်းရေးမှူး၊ စီမံကိန်းအကြံပေးနှင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစိုးရကိုယ်စားလှယ်တစ်ဦးတို့က ဆွေးနွေးတင်ပြခဲ့ပါသည်။

တက်ရောက်သူတစ်ဦးက စစ်ဆေးချက်များပြုလုပ်ဖို့ရာ တိုင်းနှင့် ပြည်နယ်ဒေသများအတွက် Capacity Building မည်သို့လုပ်ပေးမည်နည်းဟု မေးမြန်းချက်အား တိုက်ဆိုင်စစ်ဆေးဖို့ရာ အချိန်သတ်မှတ်ချက် အကန့်အသတ်ရှိပုံ၊ တိုက်ဆိုင်စစ်ဆေးမှုတွင် မပါဝင်ခဲ့သောကုမ္ပဏီများသည် တစ်နိုင်တစ်ပိုင် လုပ်ကိုင်သည့် ကုမ္ပဏီများဖြစ်သည့်အပြင် စာရင်းသွင်းထားခြင်းလည်းမရှိကြောင်း၊ ယခုလို တိုင်းဒေသကြီးကိုလာရောက်ခြင်းသည် ထိုသို့ပါဝင်နိုင်ဖို့ မည်သို့ ပူးပေါင်းဆောင်ရွက်နိုင်ပုံကို သိရှိလိုသောကြောင့်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ EITI အစီရင်ခံစာတွင် ပါဝင်သည့် ကုမ္ပဏီများစာရင်းကို မြန်မာနိုင်ငံ EITI website [www.myanmareiti.org](http://www.myanmareiti.org) တွင်ကြည့်ရှုနိုင်ကြောင်း၊ ရှေ့ဆက်အကောင်အထည်ဖော်မှုတွင် ယခုထက်ပိုမိုပါဝင်ရန် တိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့များနှင့် ဆွေးနွေးလိုကြောင်း စသည်ဖြင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ ဒုတိယညှိနှိုင်းရေးမှူး၊ စီမံကိန်းအကြံပေးနှင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစိုးရကိုယ်စားလှယ်တစ်ဦးတို့က ဆွေးနွေးတင်ပြခဲ့ပါသည်။

ထို့နောက် ယခုအခါ အသေးစား လိုင်စင်ကို တိုင်းဒေသကြီးကချပေးရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ EITI အနေဖြင့် အသေးစားနှင့်ပတ်သတ်သည့် အချက်အလက်များကို ဘယ်လောက်မျှော်လင့်ထားပုံကို မေးမြန်းရာတွင် ယခင်က အခွန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ IT စနစ်ဖြင့် TIN နံပါတ်ဖြင့်လုပ်ဆောင်ရန် လျာထားသော်လည်း အခြေအနေအကြောင်းကြောင်းကြောင့် ၂၀၂၂ ခုနှစ်အထိရွှေ့ဆိုင်းထားကြောင်း၊ လွှတ်တော်တွင်လည်း

ဖြေဆိုထားကြောင်း၊ တိုင်းနှင့် ပြည်နယ်ဒေသများတွင် အချက်အလက်များ ကောက်ခံရန် ခက်ခဲသည့်အတွက် အခွန်နှုန်းမတိုးတက်ကြောင်း၊ သတ္တုတွင်းဝန်ကြီးဌာန၏ လိုင်စင်များတွင် အသေးစားဟု ဖော်ပြထားသော်လည်း လက်တွေ့တွင် အကြီးစားလုပ်ငန်းများဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ SNU များအနေဖြင့် ထိုကိစ္စများကို အရင်ဖြေရှင်းသင့်ကြောင်း၊ မြန်မာနိုင်ငံ၏ အားနည်းချက်တစ်ခုမှာ ကုမ္ပဏီတစ်ခုတည်းဖြင့် လုပ်ငန်းမျိုးစုံ လုပ်ကိုင်နိုင်ကြောင်း၊ သယံဇာတက ဝင်ငွေသီးသန့်ဟု ခွဲရန် အင်မတန်ခက်ခဲကြောင်း၊ ထိုကိစ္စများကို သေချာလေ့လာစစ်ဆေးသင့်ကြောင်း စသည်ဖြင့် ဒုတိယညှိနှိုင်းရေးမှူးနှင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အရပ်ဘက် ကိုယ်စားလှယ်တစ်ဦးကလည်း ဖြည့်စွက်ပြောကြားခဲ့ပါသည်။

ဒီလုပ်ငန်းစဉ်ကို ဥပဒေအနေနှင့်ပြဌာန်းကာ လုပ်ဆောင်လျှင် ပိုအဆင်ပြေနိုင်မလား ဟု မေးမြန်း ဆွေးနွေးချက်အား သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစိုးရကိုယ်စားလှယ်တစ်ဦးက အဓိကစိန်ခေါ်မှုမှာ ဝင်ငွေကောက်ခံမှု ပင်ဖြစ်ကြောင်း၊ တိုင်းနှင့်ပြည်နယ်အလိုက် ပြန်လည်ဆွေးနွေးနေရကြောင်း၊ လက်လုပ်လက်စားလုပ်ငန်းများတွင် အခွန်အခကို ရှေ့တန်းတင်စဉ်းစားမရနိုင်ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်း ရရှိရေး စသည်ဖြင့် ထည့်သွင်းစဉ်းစားကာ ဆောင်ရွက်သင့်သည့်လုပ်ဆောင်ချက်များကို စာရင်းပြုစုနေကြောင်းကို အခြားနိုင်ငံများ၏ အခြေအနေများနှင့် ဥပမာပေးပြောဆိုခဲ့သည်။ ထို့နောက် ရမ်စီမိုင်းမှ စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်သည့် အခြေအနေကိုလည်း စစ်ကိုင်းတိုင်း တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက တင်ပြခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ ဒုတိယနေ့တွင် SNU ဖွဲ့စည်းမည်ဖြစ်ကြောင်း ပြောကြားကာ အခမ်းအနားအား အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

## (၇) ဒုတိယနေ့ - စစ်ကိုင်းတိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေး အဖွဲ့ဖွဲ့စည်းခြင်း အလုပ်ရုံဆွေးနွေးပွဲ

အလုပ်ရုံဆွေးနွေးပွဲအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇမုံအပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားပြု တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များ၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များ၊ ဘဏ္ဍာရေးမှူဝါဒ၊ မဟာဗျူဟာနှင့် EITI ဌာနခွဲမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ညှိနှိုင်းရေးမှူးနှင့်တကွ ညှိနှိုင်းရေးမှူးရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ စသည့် တက်ရောက်သူဦးရေ (၁၀၀) ကျော်ရှိခဲ့ပါသည်။ အခမ်းအနားအား နံနက် (၉) နာရီ မှ စတင်ခဲ့ကာ မွန်းလွဲ (၃:၃၀) နာရီတွင် အောင်မြင်စွာ ပိတ်သိမ်းခဲ့သည်။ အခမ်းအနား အစီအစဉ် အသေးစိတ်အား **နောက်ဆက်တွဲ (၁)** တွင်ပူးတွဲဖော်ပြထားပါသည်။

### (၇.၁) မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး၏ အဖွင့်အမှာစကား

ရှေးဦးစွာ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အဖွင့်အမှာစကားပြောကြားရာတွင် -

စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့(Sub- National Coordination Unit - SNU) ဖွဲ့စည်းနိုင်ရေး အလုပ်ရုံ ဆွေးနွေးပွဲကျင်းပဖို့နှင့် သက်ဆိုင်ရာဌာနစု အစုအဖွဲ့လိုက် အမည်စာရင်း တင်သွားမည်ဖြစ်ကြောင်း၊ ယမန်နေ့တွင် EITI နှင့်ပတ်သတ်၍ သိမှတ်ဖွယ်ရာများကို မိတ်ဆက်တင်ပြခြင်း အခမ်းအနားအား စစ်ကိုင်းတိုင်း ဒေသကြီးဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းလွှတ်တော်ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာမှပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကလုပ်ငန်း အသီးသီးမှ ပုဂ္ဂိုလ်များကိုလည်း ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနှင့် EITI အမြဲတမ်းအဖွဲ့ဝင် (Compliant Country) နိုင်ငံ တစ်နိုင်ငံဖြစ်လာရေးအတွက် EITI လုပ်ငန်းစဉ်ကို EITI စံနှုန်းများအညီ ဆောင်ရွက်နိုင်ဖို့ အစိုးရ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် အရပ်ဘက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သည့် မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့ (Multi-Stakeholder Group) ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန၏ ၂၈-၂-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၂၄/၂၇) ဖြင့် ဖွဲ့စည်းပြီး မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များကို တာဝန်ခံဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (Sub-National Coordination Unit - SNU) များဖွဲ့စည်းဆောင်ရွက်ရန်အတွက် နိုင်ငံတော်သမ္မတရုံးက စစ်ကိုင်းတိုင်းအပါအဝင် တိုင်းနှင့်ပြည်နယ် (၆) ခုတွင် ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ တနင်္သာရီတိုင်း၊ မန္တလေးတိုင်းတို့တွင် ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ကျန်သည့် တိုင်းနှင့်ပြည်နယ်များတွင်လည်း ဆက်လက် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်းလည်း တင်ပြခဲ့သည်။

နာယကအဖြစ်တစ်ဦး ရွေးချယ်ရမည်ဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံအား ရွေးချယ်ထားကြောင်း၊ အဖွဲ့ဝင်များအဖြစ် သက်ဆိုင်ရာကဏ္ဍအလိုက် ပုဂ္ဂလိကကဏ္ဍမှ (၅) ဦး၊ အရပ်ဘက်ကဏ္ဍမှ (၅) ဦးနှင့် အစိုးရဌာနများ ရှိသည့်အလျောက် ဖွဲ့စည်းရမည် ဖြစ်ကြောင်း၊ အတွင်းရေးမှူးအနေဖြင့် (၃) ဦး ရွေးချယ်ရမည် ဖြစ်ကာ အစိုးရကဏ္ဍအတွက်မှ ဦးတင်မောင်ဆွေ (စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးမှူး) အားလျာထားကာ အရပ်ဘက်ကဏ္ဍမှ (၁) ဦး၊ ပုဂ္ဂလိကကဏ္ဍမှ (၁) ဦး အမည် တင်သွင်းရွေးချယ်ရမည် ဖြစ်ကြောင်း တင်ပြခဲ့သည်။ အဆိုပြုချက်အား တက်ရောက်သူများမှ ကန့်ကွက်သူမရှိသဖြင့် အတည်ပြုခဲ့သည်။ ထို့နောက် ၎င်းက ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သူများကို ရွေးချယ်ရန် တိုက်တွန်းပြီး အဖွင့်အမှာစကားအား နိဂုံးချုပ်ခဲ့ပါသည်။

**(၇.၂) မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်အကောင်အထည်ဖော်ဆောင်မှုအား ရှင်းလင်းတင်ပြခြင်း**

မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ နည်းပညာကျွမ်းကျင်သူက EITI ၏ အဓိပ္ပာယ်၊ EITI စံနှုန်းအကြောင်း၊ EITI ကိုဖော်ဆောင်သည့်အကြောင်း၊ မြန်မာနိုင်ငံ၏ EITI ဖော်ဆောင်သည့် ရည်ရွယ်ချက်များ၊ မြန်မာနိုင်ငံ EITI မှတ်တိုင်များစသည်ဖြင့် အကျဉ်းချုပ်ရှင်းလင်းတင်ပြခဲ့ပါသည်။

မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစိုးရကိုယ်စားလှယ်တစ်ဦးက EITI လုပ်ဆောင်ရခြင်း ရည်ရွယ်ချက်၊ အဖွဲ့ဝင်ဖြစ်ရန် ဆောင်ရွက်မှုအခြေအနေများ၊ ဒုတိယနှင့် တတိယအကြိမ်အစီရင်ခံစာများ၏ Scoping Study ဆောင်ရွက်မှုများ၊ ပထမ၊ ဒုတိယနှင့်တတိယအကြိမ်အစီရင်ခံစာများ၏ အကြံပြုချက်များ၊ ဆက်လက် ဆောင်ရွက်ရမည် လုပ်ငန်းများနှင့် EITI အဖွဲ့ဝင်ဖြစ်ပါက ရရှိနိုင်မည့်အကျိုးကျေးဇူးများအားလည်း အကျဉ်းချုပ် ရှင်းလင်းတင်ပြခဲ့ပါသည်။

ယင်းနောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ပုဂ္ဂလိကကိုယ်စားလှယ်တစ်ဦးက EITI စတင်စဉ်က conflict of interest ရှိခဲ့သောလည်း နောင် national interest ကိုကြည့်ကာ ညီညွတ်လာကြောင်း၊ ထိုအရာသည် EITI ၏အကျိုးပင် ဖြစ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် EITI အပေါ်အဓိပ္ပာယ်ဖော်မှု လွဲမှားမည်စိုးကြောင်း၊ လုပ်ငန်းရှင်များမှ အစိုးရကိုအခွန်ဆောင်မှုနှင့် အစိုးရမှ ရရှိသောအခွန်များကို စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းကြောင်းနှင့် နောက်ကွယ်မှ အကျိုးကျေးဇူးများကိုလည်း တင်ပြဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစိုးရကိုယ်စားလှယ်တစ်ဦးက တနင်္သာရီတိုင်းရှိ လျှပ်စစ်စွမ်းအင်ကဏ္ဍနှင့် ပတ်သတ်သည့် ဆောင်ရွက်နေသည့် လုပ်ငန်းများအကြောင်း အကျဉ်းချုပ်တင်ပြကာ စစ်ကိုင်းတိုင်းကမူ မပါဝင်သေးကြောင်းလည်း တင်ပြခဲ့သည်။

## (၇.၃) တိုင်းဒေသကြီး/ ပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ (Term of Reference – ToR)

မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ နည်းပညာကျွမ်းကျင်သူက တိုင်းဒေသကြီး/ ပြည်နယ် လုပ်ငန်း ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ ဖွဲ့စည်းပုံနှင့် ကဏ္ဍအလိုက်ပါဝင်သူများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအား အသေးစိတ် တင်ပြခဲ့သည်။ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်အသေးစိတ်အား **နောက်ဆက်တွဲ (၃)** တွင် ပူးတွဲဖော်ပြထားပါသည်။

ထို့နောက် ၎င်းက သစ်တောကဏ္ဍအစီရင်ခံစာနှင့် စပ်လျဉ်း၍လည်း သစ်တောကဏ္ဍမှ ရရှိသော အခွန်ငွေများအကြောင်း၊ စာရင်းတိုက်ဆိုင်စစ်ဆေးမှုများအကြောင်း၊ အစီရင်ခံစာများ၏ အခြေအနေများ ကိုလည်း အကျဉ်းချုံး တင်ပြခဲ့သည်။

တက်ရောက်လာသူတစ်ဦးမှ ဘက်ဂျက်နှင့်ပတ်သက်သည့် အခြေအနေအားလည်း မေးမြန်းခဲ့သည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက လိုအပ်သည့် စွမ်းဆောင်ရည်များကို လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ဝင်များက ဆွေးနွေးကာ ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်း လုပ်ငန်းညှိနှိုင်းဆောင်ရွက်

ရေးအဖွဲ့၏ လုပ်ဆောင်မှုများအား လေ့လာနိုင်ရန် မျှဝေထားပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ လိုအပ်ချက်များ၊ ကျွမ်းကျင်သူများ၏ လမ်းညွှန်မှုများနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာ SNU ဖွဲ့စည်းရာတွင် ဒေသအလိုက် လိုက်လျောညီထွေမှုရှိအောင် ရေးဆွဲရမည်ဖြစ်ကြောင်း၊ တိုင်းနှင့်ပြည်နယ်တစ်ခုနှင့် တစ်ခုမတူညီနိုင်ကြောင်းစသည်ဖြင့် လေ့လာသူတစ်ဦးက ပါဝင်ဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ပုဂ္ဂလိက ကိုယ်စားလှယ် တစ်ဦးက တိုင်းနှင့်ပြည်နယ်များတွင် အခြေခံကျကျ လုပ်ဆောင်နိုင်ရန် SNU ဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ နယ်ပယ်တစ်ခုနှင့် တစ်ခုမတူသည့်အတွက် လိုအပ်သည့်နည်းပညာအထောက်အကူများလည်း မတူညီနိုင်ကြောင်း ဥပမာများဖြင့် ရှင်းလင်း ခဲ့သည်။ SNU များမှ ပေးပို့လာသော လုပ်ငန်းစဉ်များကိုလည်း သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က စဉ်းစားပေးမည် ဖြစ်ကြောင်းလည်း ဖြည့်စွက်ပြောကြားခဲ့သည်။

တက်ရောက်လာသူတစ်ဦးဖြစ်သည့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်အသင်းမှ အကြံပေးကလည်း ၎င်း၏ အတွေ့အကြုံများကို မျှဝေခဲ့သည်။ အတွင်းရေးမှူးအဖွဲ့သည် အရေးကြီးကြောင်း၊ စွမ်းဆောင်ရည်ရှိကာ ဦးဆောင် နိုင်သူများကို ရွေးချယ်ထားရန် လိုအပ်ကြောင်း၊ ထိုသူများသည် မြန်မာနိုင်ငံ EITI လမ်းညွှန်နှင့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ အဓိကလုပ်ငန်းစဉ် (၄) ရပ်များအား ကျေညက်စွာသိရှိထားရန်လိုအပ်ကြောင်း၊ အကြံဉာဏ်လိုအပ်ပါက ညှိနှိုင်းရေးမှူးရုံးနှင့် ချိတ်ဆက်နိုင်ကြောင်းစသည်ဖြင့် အကြံပြုပြောကြားခဲ့သည်။

**(၇.၄) စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေး အတွက် ကဏ္ဍအလိုက် ပါဝင်မည့်သူများအား အဆိုပြုခြင်းနှင့် ဖွဲ့စည်းခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှ အဖွဲ့ဝင်အမည်စာရင်းများနှင့် အရန်ကိုယ်စားလှယ်အမည်စာရင်းများ တင်သွင်းခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက လေ့လာသူအဖြစ်ပါဝင်နိုင်ရေးအတွက် အဆိုပြုချက်အား သက်ဆိုင်ရာကဏ္ဍများမှ သဘောတူညီခဲ့သဖြင့် လွှတ်တော်ကိုယ်စားလှယ်များကလည်း လေ့လာသူအမည်စာရင်းများ တင်သွင်းခဲ့သည်။

ယင်းနောက် တင်သွင်းလာသော အမည်စာရင်းများအား ဆန်းစစ်ကာ ကန့်ကွက်သူမရှိ သဘောတူခဲ့သည်။ ထို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့အား အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့သည်။ အမည်စာရင်းအသေးစိတ်အား **နောက်ဆက်တွဲ (၄)** တွင် ပူးတွဲဖော်ပြထားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစိုးရကိုယ်စားလှယ်တစ်ဦးက သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့တွင် ပါဝင်ခဲ့စဉ်က ၎င်း၏အတွေ့အကြုံများကို မျှဝေခဲ့သည်။ လုပ်ငန်းတာဝန်များ တစ်ဘက်ကြောင့် အစည်းအဝေးတက်ရောက်ရန် အခက်ကြုံရပုံ၊ စွမ်းဆောင်ရည်၊ ဖွဲ့မကျသွားစေလိုကြောင်းနှင့် ရေရှည်အတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။

**(၇.၅) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၏ အပိတ်အမှာစကား**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက အပိတ်အမှာစကား ပြောကြားခဲ့သည်။ အပိတ်အမှာစကား ပြောကြားရာတွင် -

စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေး အတွက် လာရောက်ဆောင်ရွက်သည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲ ရလဒ်အပေါ် အခြေခံပြီး စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့အား ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ EITI လုပ်ငန်းစဉ်သည် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းများ လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံတကာ EITI စံနှုန်းနှင့်အညီ ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့်အတွက် စစ်ကိုင်းတိုင်း ဒေသကြီးအနေဖြင့် အကျိုးရှိနိုင်ကြောင်း၊ မြန်မာနိုင်ငံသည် ဒီမိုကရေစီကူးပြောင်းရေးကာလအနေနှင့် ဒီမိုကရေစီကျင့်စဉ်များကို ပိုမိုခိုင်မာအောင် ဆောင်ရွက်နေဆဲဖြစ်ကာ EITI သည် ပွင့်လင်းမြင်သာမှုကို အားပေးသည့်လုပ်ငန်းအနေဖြင့် အစိုးရ၊ ပုဂ္ဂလိက၊ အရပ်ဘက်များနှင့် အဓိက ပြည်သူများအကြား ယုံကြည်မှု ပိုမိုတိုးပွားလာစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် EITI အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ်မှ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်ဖို့ ကြိုးစားနေဆဲကာလဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးက ပူးပေါင်းပါဝင်ရသည့်အတွက်ကြောင့် များစွာဂုဏ်ယူမိကြောင်း၊ EITI လုပ်ငန်းစဉ်မှာ အစိမ်းသက်သက်ဖြစ်နေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့အလုပ်ရုံဆွေးနွေးပွဲမှ အဖွဲ့ဝင်များက လုပ်ငန်းအစီအစဉ်အား ရေးဆွဲကာ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့နှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးနှင့် ပူးပေါင်းဆောင်ရွက်ကာ မိမိတို့တိုင်းဒေသကြီးမှတဆင့် မိမိတို့နိုင်ငံအတွက် ဝင်ရောက်သော လုပ်ငန်းစဉ်များ၊ ဆွေးနွေးမှုတွင် အခက်အခဲ၊ အတားအဆီးများ တွေ့ကြုံရမှာဖြစ်ပြီး ထိုအခက်အခဲများကို စိန်ခေါ်မှုအနေဖြင့် မိမိတို့ တိုင်းဒေသကြီးရှိ ပြည်သူ့အကျိုးကို မျက်နှာမူပြီး ကျော်လွှားနိုင်လိမ့်မယ်ဟု ယုံကြည်ကြောင်း၊ ကျေးဇူးတင်ရှိကြောင်း ပြောကြားကာ နိဂုံးချုပ်ခဲ့ပါသည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲအား အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

## (၈) နိဂုံးချုပ်

